# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

ပဲခူး - မေ ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး၊ ဥဿာပြည့်စုံခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က နိုင်ငံတော်၏ မဏ္ဍိုင်ကြီး သုံးရပ်ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင်ကို လွှတ်တော်ကိုယ်စားလှယ်များက တာဝန်ယူ ထမ်းဆောင်ရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံသူ နိုင်ငံသားများကို ဥပဒေအကာအကွယ်အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာ နေနိုင်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိတာဝန်ကို မိမိကျေပွန်စွာ ထမ်းဆောင်နိုင်ကြစေရန် ဆန္ဒပြုပါကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုနှင့်တစ်သားတည်း ဖြစ်စေရန်နှင့် လူထု၏ ဆန္ဒများကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း။

ဥပဒေပြုရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ ယနေ့ခေတ်ကာလ အချိန်အခါနှင့် ကိုက်ညီမှု ရှိမရှိ၊ ပြင်ဆင်ဖြည့်စွက်ရန်လိုမလို၊ ဖျက်သိမ်းရန်နှင့် အသစ်ပြန်လည်ပြဋ္ဌာန်းရန်လိုမလိုနှင့် ပြည်သူများကို ကာကွယ်ပေးနိုင်သည့် ဥပဒေ ဟုတ်/မဟုတ် တို့ကို စိစစ်ဆောင်ရွက်ရမည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ဖြစ်ပါကြောင်း။

ဒီမိုကရေစီအစိုးရတစ်ရပ်တွင် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်စသည့် မဏ္ဍိုင်ကြီးသုံးရပ်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အုပ်ချုပ်ရေး မဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်သည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုအဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူလူထု၏ဆန္ဒများကို အထူးအလေးထား အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေကို အချိန်နှင့်တစ်ပြေးညီ သိရှိထားရန်လိုအပ်ပါကြောင်း၊ သို့မှသာ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်သော ကိစ္စရပ်များနှင့် ပြည်သူလူထု၏ လိုလားချက်များကို အနီးစပ်ဆုံး ဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်သည် နိုင်ငံနှင့် ပြည်သူလူထုအတွက် အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ် ရုံးခန်းများ ဖွင့်လှစ်၍ လူထုနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံပြီး ဒေသခံပြည်သူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လိုအပ်ချက်များ၊ ဒေသဆိုင်ရာ လိုအပ်ချက်များကို နားထောင်၍ တွေ့ဆုံဖြေရှင်း ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် မိမိမဲဆန္ဒနယ်မြေရှိ ပညာရှင်များ၊ ဒေသခံပြည်သူလူထုများနှင့်လည်း စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် လုပ်ဆောင်ချက်များကို ပြည်သူလူထု သိရှိနားလည်ယုံကြည်မှုရှိလာစေရန် လွှတ်တော်မှ ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအစိုးရတစ်ရပ်တွင် လွှတ်တော်နှင့် အစိုးရအဖွဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံဒေသအတွင်း ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေး လုပ်ငန်းများ ဖော်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ယူစဉ် အချိန်တွင်း ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်ကဏ္ဍကို မြင့်မားစေလိုပါကြောင်း၊ လွှတ်တော်သည် နိုင်ငံနှင့်ပြည်သူလူထုအတွက် တစ်ထောင့်တစ်နေရာမှ အရေးပါစေရေးအတွက် ကိုယ်စားလှယ်များအနေဖြင့် အရည်အသွေး၊ အရည်အချင်းများ ပြည့်စုံစေရန် မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ဥဿာရတနာခန်းမ၌ ပဲခူးမြို့မှ မြို့မိမြို့ဖများ၊ ကဏ္ဍအသီးသီးမှ

လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**